Government of **Western Australia**
**Mental Health Commission**

## သင့်တွင် အောက်ပါအခွင့်အရေးများရှိသည် -

- သင်စောင့်ရှောက်နေသော လူနာ၏ အခွင့်အရေးများအပြင် သင့်အခွင့်အရေးများနှင့် ပတ်သက်ပြီး အချက်လက်များကို ရရှိခွင့်ရှိသည်။
- သင့်ထင်မြင်ချက်များအား ဆေးဝန်ထမ်းများမှ ထည့်သွင်းစဉ်းစားပေးရန် တောင်းဆိုပိုင်ခွင့်
- အကြောင်းကြားမှုပြုလုပ်သင့်သည့် ဖြစ်ရပ်များကို သိရှိပိုင်ခွင့်
- သင်စောင့်ရှောက်နေသော လူနာအား ကုသမှု၊ စောင့်ရှောက်မှုတို့တွင် ပါဝင်ပတ်သက်ခွင့်အပြင် ယင်းတို့နှင့်ပတ်သက်ပြီး အချက်လက်များကို ရရှိပိုင်ခွင့်
- သင်စောင့်ရှောက်နေသော လူနာအား  ခွင့်မပေးမီ ဆွေးနွေးတိုင်ပင်ခွင့်
- သင်စောင့်ရှောက်နေသော လူနာကိုယ်စား နောက်ထပ် ထင်မြင်ချက်တစ်ရပ်ကို တောင်းဆိုပိုင်ခွင့်
- လူနာ၏ ဆက်သွယ်ရေးပိုင်းကန့်သတ်ထားမှုနှင့် ပတ်သက်ပြီး အချက်လက်များ ရရှိပိုင်ခွင့်
- ဆေးဝန်ထမ်းများနှင့် ဆွေးနွေးရာတွင် ကိုယ်ရေးအချက်အလက်များ ထိန်းသိမ်းစောင့်ရှောက်ပေးရန် တောင်းဆိုပိုင်ခွင့်
- စိတ်ကျန်းမာရေးခုံရုံးမှ လူနာ၏ ဆန္ဒမပါဝင်မှု အနေအထားအား ပြန်လည်သုံးသပ်ပေးရန် တောင်းဆိုပိုင်ခွင့် (ဖုန်း - 08  6145 3900)
- စိတ်ကျန်းမာရေးခုံရုံးသို့ လျှောက်လွှာတင်သွင်းခြင်း အနေအထားနှင့်ပတ်သက်ပြီး အသိပေးခံရခွင့်နှင့် ၎င်းမှပြုလုပ်သော ကြားနာစစ်ဆေးမှုများကို ကြားနာခွင့်
- စိတ်ကျန်းမာရေးခုံရုံးရှေ့မှောက်တွင် ပြဿနာများနှင့် စပ်လျဉ်းပြီး သင့်အမြင်များအား ချပြပိုင်ခွင့်
- စိတ်ကျန်းမာရေးခုံရုံးရှေ့မှောက်တွင် လူနာအား ကိုယ်စားပြုခွင့် သို့မဟုတ် မိမိမှကိုယ်စားပြုခံရခွင့်
- စိတ်ကျန်းမာရေးဝန်ဆောင်မှု သို့မဟုတ် ကျန်းမာရေးနှင့် မသန်စွမ်းမှု ဝန်ဆောင်မှုများဆိုင်ရာ စောဒကဖြေရှင်းရေးဌာန (HaDSCO) သို့ စောဒကတက်လွှာများ တင်သွင်းနိုင်သည် (ဖုန်း - 1800 813 583) သို့ ကျေနပ်မှုမရှိက ဆက်သွယ်နိုင် သည်။

## နောက်ထပ်အချက်လက်များ

ဤလက်ကမ်းစာစောင်တွင်ပါသော အချက်လက်များမှာ ၂၀၁၄ ခုနှစ် စိတ်ကျန်းမာရေးအက်ဥပဒေတွင်ဖော်ပြထားသော ဥပဒေများနှင့်သက်ဆိုင်ပါသည်။ အက်ဥပဒေပိုင်းအချက်လက်များအား အောက်ပါလက်ကမ်းစာစောင်များတွင် အကျဉ်းချုပ်ဖော်ပြထားပါသည် -

- စမ်းသပ်စစ်ဆေးမှုခံယူရန်အတွက် စိတ်ကျန်းမာရေးဆရာဝန်ထံသို့ လွှဲပြောင်းခြင်း
- အတွင်းလူနာကုသရေးညွှန်ကြားချက်
- ရပ်ရွာတွင်း ကုသရေး ညွှန်ကြားချက်
- ဆန္ဒဖြင့် တက်ရောက်သော လူနာများအတွက် အချက်လက်များ
- စိတ်ကျန်းမာရေးပြဿနာအတွက် ကုသမှုခံယူခြင်း
- လူနာစောင့်ရှောက်သူများအတွက် အချက်လက်များ
- ရွေးချယ်ထားသော သူများ - ရွေးချယ်ခြင်းအားမည်သို့ပြုလုပ်ပြီး မည်သည့်အခွင့်အရေးရှိပါသနည်း။

## အခြားလက်ကမ်းစာစောင်များအား အောက်ပါတို့မှ ရရှိနိုင်ပါသည် -

- စိတ်ကျန်းမာရေး ခုံရုံး
- စိတ်ကျန်းမာရေးဆိုင်ရာ အားပေးကူညီရေးဝန်ဆောင်မှုဌာန
- စိတ်ကျန်းမာရေး ဥပဒေစင်တာ

၂၀၁၄ စိတ်ကျန်းမာရေးအက်ဥပဒေနှင့် အခြားရင်းမြစ်အချက်လက်များအကြောင်း နောက်ထပ်သိလိုပါက စိတ်ကျန်းမာရေးကော်မစ်ရှင် ဝက်ဘ်ဆိုက်ဖြစ်သည့် www.mhc.wa.gov.au သို့ ဝင်ရောက်ကြည့်ရှုပါ သို့မဟုတ် (08) 6272 1200 သို့ခေါ်ဆိုဆက်သွယ်ပါ။

This document can be made available in other languages and alternative formats on request.

Published by the Mental Health Commission (2015)

# လူနာစောင့်ရှောက်သူများအတွက် အချက်လက်များ



အကယ်၍သင်မှ စိတ်ကျန်းမာရေးပြဿနာတစ်ရပ်အတွက် ကုသမှုခံယူမည့်သူ၏ စောင့်ရှောက်ပေးသူ၊ မိသားစုဝင်၊ မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် စောင့်ရှောက်ပေးရန် ရွေးချယ်ထားသူဖြစ်ပါက သင့်အား "လူနာစောင့်ရှောက်သူ"ဟု သတ်မှတ်ပါမည်။

ဤလက်ကမ်းစာစောင်မှ သင့်တာဝန်အပြင် သင့်အခွင့်အရေးများနှင့် ဆိုင်သည့် အချက်လက်များကို ဖော်ပြပေးပါမည်။

## လူနာစောင့်ရှောက်သူဆိုသည်မှာ ဘယ်သူဖြစ်သနည်း။

အကယ်၍ သင်မှ

- လူနာ၏စောင့်ရှောက်သူဖြစ်လျှင် (အခကြေးငွေမရရှိပဲ လူနာအား စဉ်ဆက်မပြတ် စောင့်ရှောက်ပေးသောသူ)
- မိသားစုဝင်များ (လူနာအားစောင့်ရှောက်ပေးသော အမျိုးတော်စပ်သူ)
- ကလေး၏မိဘ သို့မဟုတ် အုပ်ထိန်းသူ
- အရွယ်ရောက်သူဖြစ်လျှင် ၎င်း၏အုပ်ထိန်းသူ သို့မဟုတ် ၎င်း၏ ရေရှည်အုပ်ထိန်းသူ
- ရွေးချယ်ထားသောသူ (လူနာမှ ဖောင်ပုံစံ 12A အားအသုံးပြုပြီး တရားဝင်ရွေးချယ်ထားသောသူ) စသည့်သူများအနက် တစ်ဦးဦးဖြစ်ပါက သင့်အား "လူနာစောင့်ရှောက်သူ" အဖြစ် သတ်မှတ်မည်ဖြစ်သည်။

## သင့်၏တာဝန်မှာ အဘယ်နည်း။

အောက်ပါတို့အပါအဝင် ကုသရေးနှင့် လူနာအား စောင့်ရှောက်ရေးတို့တွင် သင်မှ ပါဝင်ခွင့်ရှိသည်။

- ကုသမှုနှင့် စောင့်ရှောက်မှုပုံစံတို့အား သုံးသပ်ခြင်း၊
- လူနာအား ပံ့ပိုးကူညီခြင်း၊
- ၎င်းအား ကုသရေး၊ ပံ့ပိုးရေးနှင့် ဆေးရုံဆင်းခွင့်ပြုရေးတို့အား ပြင်ဆင်ရန်နှင့် ပြန်လည်သုံးသပ်ရန်

သင့်ဘက်မှ ပါဝင်ပတ်သက်လိုသည့် အတိုင်းအတာအား ဆေးဝန်ထမ်းများကို အသိပေးထားနိုင်ပါသည်။

လူနာအားစောင့်ရှောက်ပေးရာတွင် စိတ်ကျန်းမာရေးဝန်ထမ်းများ၏ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံတို့အား သင့်ဘက်မှလေးစားသမှု ရှိရန် အရေးကြီးပါသည်။ လူနာစောင့်ရှောက်သူများသည် လူနာနှင့် ဆေးဝန်ထမ်းများ၏ အခြေအနေများကို အမြဲသိရှိနေရမည်ဖြစ်သည်။ သို့မှသာ မျှတသောကောက်ချက်များကို ဆွဲနိုင်မည်ဖြစ်သည်။

## မည်သည့်အချက်လက်များ သင်ရရှိပါမည်နည်း။

လူနာစောင့်ရှောက်သူအနေဖြင့် သင့်တွင် သင်စောင့်ရှောက်နေသော လူနာနှင့်ပတ်သက်ပြီး အောက်ပါအချက်လက်များကို ရရှိပိုင်ခွင့်ရှိပါသည်။

- လူနာမှ ကုသမှုခံယူနေရသော စိတ်ကျန်းမာရေးပြဿနာ၊ ကုသမှုဆိုင်ရာရွေးချယ်ခွင့်များနှင့် ကုသမှုပေးသည့်အပေါ် တုန့်ပြန်ချက်များ၊
- အတွင်းလူနာအဖြစ်ကုသမှုခံယူရန် ညွှန်ကြားချက်သို့မဟုတ် ရပ်ရွာတွင်းကုသမှုခံယူရေး ညွှန်ကြားချက်တို့ကို ပြုလုပ်ခဲ့သည့် အကြောင်းရင်း
- လူနာအား အများနှင့်ခွဲထားရခြင်း၊ ကိုယ်ခန္ဓာအားချုပ်ထားခဲ့ရသည့် အခြေနေမျိုးနှင့်
- လိုအပ်ချက်အရ ဖြည့်ဆည်းဆောင်ရွက်ပေးရန် ရရှိနိုင်သော ဝန်ဆောင်မှုများ စသည်တို့ဖြစ်သည်။

ယင်းအချက်လက်များအားအသိပေးရန် သင် သို့မဟုတ် အခြားကျန်းမာရေးစောင့်ရှောက်သူအား ဆက်သွယ်ရန် ဆေးဝန်ထမ်းများမှ ထိုက်သင့်သလောက် ကြိုးပမ်းမည်ဖြစ်ပါသည်။ အကယ်၍ သင်စောင့်ရှောက်နေသောလူနာတွင် စောင့်ရှောက်ပေးသူမြောက်မြားစွာရှိနေပြီး ကိုယ်ပိုင်လူနာစောင့်ရှောက်သူများစွာလည်း ရှိနေပါက ယင်းပုဂ္ဂိုလ်များထဲမှ တစ်ဦးဦးအား အချက်လက်များကို ပေးပါမည်။

## သင်မှ မည်သည့်အချိန်တွင် အသိမပေးခံရမည်နည်း သို့မဟုတ် ပါဝင်ရမည် မဟုတ်တော့သနည်း။

ယေဘူယျအားဖြင့် ဆန္ဒအရကုသမှုခံယူသော လူနာမှမိမိ၏စောင့်ရှောက်သူများအား အသိပေးရန် သို့မဟုတ် ပါဝင်ပတ်သက်ရန် လို/မလိုအား ၎င်းကိုယ်တိုင်မှ သဘောတူ/မတူ ဆုံးဖြတ်နိုင်ပါသည်။ သို့သော် ဆန္ဒအရ ကုသမှုခံယူသော လူနာမှ ယင်းဆုံးဖြတ်ချက်အား ပြုလုပ်ရန် ကောင်းစွာမကျန်းမာပါက ယင်းအချက်လက်မှာ လူနာအကျိုးအတွက်ဖြစ်ပါက သင့်အား အကြောင်းကြားအသိ ပေးမည်/ပါဝင်ပတ်သက်ခွင့်ပြုမည် ဖြစ်သည်။

ဖြစ်ရပ်အများစုတွင် ဆေးဝန်ထမ်းများမှ ဆန္ဒမပါပဲ ဆေးကုသမှုခံယူရသော လူနာ၏စောင့်ရှောက်သူအားအသိပေးပြီး ပါဝင်ပတ်သက်စေပါသည်။ ခြွင်းချက်များမှာ -

- ယင်းသို့ပြုလုပ်ရန်မှာ လူနာအတွက် အကျိုးမရှိလျှင် သို့မဟုတ်
- ဆန္ဒမပါပဲ ကုသမှုခံယူနေသောလူနာမှ သင့်အား အသိပေးအကြောင်းကြား၍ ပါဝင်ပတ်သက်မှု မပြုစေလိုသောအခါနှင့် လူနာမှ ယင်းအကြောင်းရပ်နှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်ပြုလုပ်နိုင်ကာ အကျိုးအကြောင်းသင့်သည်ဟု စိတ်ကျန်းမာရေးဆရာဝန်မှ ဆုံးဖြတ်သည့်အခါ။.

## အကြောင်းကြားမှုပြုနိုင်သော ဖြစ်ရပ်များ

သင့်၏ အကြောင်းကြားခံရပိုင်ခွင့်/ ပါဝင်ပတ်သက်ပိုင်ခွင့်တို့အပြင် သင်စောင့်ရှောက်နေသောလူနာတွင် အကြောင်းကြားမှု ပြုလုပ်သင့်သည့် အောက်ပါအခြေအနေများအနက် တစ်ရပ်ရပ်ဖြစ်နေသည့်အခါ အနည်းဆုံး လူနာစောင့်ရှောက်နေသူတစ်ဦးအား အကြောင်းကြား ရမည်ဖြစ်သည်။

- ထိန်းသိမ်းထားရန်ညွှန်ကြားခြင်း၊ အတွင်းလူနာအဖြစ် ကုသမှုခံယူရန်ညွှန်ကြားခြင်း သို့မဟုတ် ရပ်ရွာတွင်းကုသမှုခံယူရန်ညွှန်ကြားမှုတို့ကို ပြုလုပ်သည့်အခါ၊ ရပ်သိမ်းသည့်အခါ(ဖျက်သိမ်း) သို့မဟုတ် ၎င်းညွှန်ကြားချက်များ သက်တမ်းကုန်သည့်အခါ
- စိတ်ကျန်းမာရေးဆရာဝန်မှ စမ်းသပ်စစ်ဆေးမှု နောက်ထပ်ပြုလုပ်ရန် အခြားညွှန်ကြားချက်အား ပြုလုပ်သည့်အခါ
- ထိန်းသိမ်းထားသည့် အနေအထားမှ ပြန်လွှတ်ပေးလိုက်သည့်အခါ
- ကြိုပို့ရန် ညွှန်ကြားချက်အား ပြုလုပ်သည့်အခါ
- လူနာအား ဆေးရုံတစ်ရုံမှ နောက်တစ်ရုံသို့ လွှဲပြောင်းသည့်အခါ
- လူနာမှ ခွင့်မဲ့ပျက်ကွက်သည့်အခါ၊ ဆေးရုံမှ ခဏဆင်းရန် ခွင့်ရသည့်အခါ သို့မဟုတ် ခွင့်အား ရက်တိုးပေးသည့်အခါ၊ ပြောင်းလဲသည့်အခါ သို့မဟုတ် ဖျက်သိမ်းသည့်အခါ
- အတွင်းလူနာအဖြစ်နှင့် ကုသမှုခံယူနေစဉ် အရေးပေါ်စိတ်ကျန်းမာရေးဆိုင်ရာမဟုတ်သော ကုသမှုတစ်ရပ်အား ဆောင်ရွက်ပေးရသည့်အခါ။

သင်စောင့်ရှောက်နေသော လူနာမှ သဘောမတူသည့်တိုင်အောင် သင် (သို့မဟုတ် အခြားလူနာစောင့်ရှောက်သူ) အား ယင်းဖြစ်ရပ်များနှင့်ပတ်သက်ပြီး အသိပေးအကြောင်းကြားမည်ဖြစ်သည်။ အသိပေးမှုမပြုမည့် တစ်ခုတည်းသောခြွင်းချက်မှာ ယင်းသို့ပြုလုပ်ခြင်းသည် လူနာ၏အကျိုးကို ထိခိုက်စေနိုင်သည့်အခါတွင်မှုဖြစ်သည် သို့မဟုတ် ဆေးဝန်ထမ်းများမှ ကြိုးပမ်းဆက်သွယ်သော်လည်း မည်သူ့ကိုမျှ ဆက်သွယ်၍ မရသည့်အခါတွင်မှသာ ဖြစ်သည်။